JUSTICE FOR MYANMAR

# ရိုဟင်ဂျာအမှတ်လက္ခဏာကို ပယ်ဖျက်ပြီး လူမျိုးရေးခွဲခြားမှုနှင့် ဗုဒ္ဓဘာသာအမျိုးသားရေးဝါဒကို သွေးထိုးလှုံ့ဆော်သည့် EU, IDEA နှင့် Asia Foundation တို့၏ mVoter 2020 မိုဘိုင်းအက်ပလီကေးရှင်းကို Justice For Myanmar က ရှုံ့ချ၊

## မိုဘိုင်းအက်ပလီကေးရှင်းမှ လူမျိုးနှင့် ကိုးကွယ်မှုဘာသာဆိုင်ရာ အချက်အလက်အားလုံးကို ချက်ချင်းပယ်ဖျက်ရန် တောင်းဆို

စက်တင်ဘာ ၃၀၊ ၂၀၂၀၊ ရန်ကုန် - ရွေးကောက်ခံကိုယ်စားလှယ်လောင်းများ၏ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ၊ ၎င်းတို့ မိခင်နှင့် ဖခင်တို့၏ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာများကို အလေးပေးဖော်ပြသည့် မြန်မာရွေးကောက်ပွဲ မိုဘိုင်းအက်ပလီကေးရှင်းမှတဆင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အလှူရှင်များသည် ရိုဟင်ဂျာအမှတ်လက္ခဏာ ပယ်ဖျက်ခြင်းတွင် ကြံရာပါအနေဖြင့် ပါဝင်နေပြီး လူမျိုးရေးခွဲခြားမှု၊ ဘာသာရေးအခြေခံအမျိုးသားရေးဝါဒကို သွေးထိုး လှုံ့ဆော်သည့် အန္တရာယ်ကို ဖြစ်ပေါ်စေပါသည်။

ဥရောပသမဂ္ဂက ငွေးကြေးပံ့ပိုးထားသည့် ရှေ့သို့မြန်မာ (STEP Democracy) အစီအစဉ်အောက်တွင် စတော့ဟုမ်း အခြေစိုက် နိုင်ငံတကာဒီမိုကရေစီနှင့် ရွေးကောက်ပွဲအကူအညီပေးရေးအဖွဲ့(IDEA) က အာရှဖောင်ဒေးရှင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့နှင့် မိတ်ဖက်ဆောင်ရွက်မှုဖြင့် mVoter2020 မိုဘိုင်းအက်ပလီကေးရှင်းကို ဖန်တီးရေးသားခဲ့ကြောင်း ရှေ့သို့မြန်မာဝဘ်ဆိုဒ်တွင် ဖော်ပြထားချက်အရ သိရပါသည်။ အဆိုပါ မိုဘိုင်းအက်ပလီကေးရှင်းကို စက်တင်ဘာ ၂၉ ရက်နေ့တွင် စတင်မိတ်ဆက်ခဲ့ပါသည်။

အဆိုပါမိုဘိုင်းအက်ပလီကေးရှင်းတွင် ရွေးကောက်ပွဲနယ်မြေတစ်ခုချင်းအလိုက် ၂၀၂၀ မြန်မာ့အထွေထွေရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများ၏ အချက်အလက်များ ပါဝင်ပါသည်။ ကိုယ်စားလှယ်လောင်းများ၏ ကိုယ်ရေးရာဇဝင်တွင်လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာဆိုင်ရာအချက်အလက်များက ပိုမို ထင်ရှားပေါ်လွင်နေပြီး ကျန်အချက်အလက်များက အကျဉ်းချုပ်မျှသာပါသည်။ ထိုကိုယ်ရေးအချက်အလက် သတ်မှတ်ချက်များသည် ရိုဟင်ဂျာများကို နိုင်ငံမဲ့များဖြစ်စေပြီး ထိုနိုင်ငံမဲ့ဖြစ်မှုကို အကြောင်းပြ၍ ရွေးကောက်ပွဲ

အတွက် ကိုယ်စားလှယ်လောင်း အရည်အချင်းမပြည့်သူ၊ မဲပေးခွင့်မရှိသူများအဖြစ် သတ်မှတ်နိုင်ရန် ရည်ရွယ် လုပ်ဆောင်ထားခြင်းဖြစ်သည်။

အဆိုပါမိုဘိုင်းအက်ပလီကေးရှင်းတွင် မြန်မာအစိုးရနှင့် အစွန်းရောက်အမျိုးသားရေးဝါဒီများက ရိုဟင်ဂျာ အမှတ်လက္ခဏာကို ငြင်းပယ်ရန်၊ မြန်မာနိုင်ငံတွင် ၎င်းတို့၏ ဖြစ်တည်ခွင့်ကို ခြိမ်းခြောက်ရန်နှင့် အမုန်းတရားများ သွေးထိုးလှုံ့ဆော်ရန် အသုံးပြုသည့် “ဘင်္ဂါလီ” ဟုနှိမ့်ချသုံးနှုန်းဖော်ပြထားသည်ကို တွေ့ရသည့်အတွက် များစွာအံ့အားသင့်တုန်လှုပ်မိပါသည်။ ရွေးကောက်ပွဲယှဉ်ပြိုင်ခွင့်ရရှိသည့် အနည်းငယ်သော ရိုဟင်ဂျာကိုယ်စားလှယ်များထဲမှ တစ်ဦးဖြစ်သူ၊ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီ၏ မောင်းတောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဒို့စ်မူဟာမတ် (ခ) အေးဝင်း ၏ အချက်အလက် ဖြည့်သွင်းမှုတွင် “ဘင်္ဂါလီ” ဟုသုံးနှုန်းထားကြောင်း Reuters သတင်းဌာနမှ ဖော်ပြထားသည်။ mVoter 2020 မိုဘိုင်းအက်ပလီကေးရှင်းတွင် ဒို့စ်မူဟာမတ် (ခ) အေးဝင်းနှင့်မိဘများ၏ လူမျိုးနေရာတွင် “ဘင်္ဂါလီ-ဗမာ” ဟု ဖော်ပြထားသည်။

**Justice For Myanmar** ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က “*mVoter 2020 မိုဘိုင်းအက်ပလီကေးရှင်းကိုအသုံးချပြီး မြန်မာနိုင်ငံမှာ ရိုဟင်ဂျာတည်ရှိမှုကို ဖုံးကွယ်ငြင်းဆိုတဲ့လုပ်ရပ်ကို EU, IDEA နဲ့ Asia Foundation တို့က ပံ့ပိုးကူညီနေခြင်းအပေါ် Justice For Myanmar အနေနဲ့ အလွန်စိုးရိမ်ပူပန်ပါတယ်။ ဒီလိုဖုံးကွယ်ငြင်းဆိုတာဟာ မြန်မာနိုင်ငံရဲ့ရိုဟင်ဂျာလူမျိုးတုန်းသတ်ဖြတ်မှုကျူးလွန်ရာမှာ အဓိကကျတဲ့ လုပ်ရပ်တစ်ခု ဖြစ်ပါတယ်။* EU, IDEA and Asia Foundation *တို့ ပံ့ပိုးကူညီပေးတဲ့ မိုဘိုင်းအက်ပလီကေးရှင်းဟာ မဲဆန္ဒရှင်တွေကို လူမျိုးနှင့်ဘာသာကို အခြေခံစဉ်းစားလာအောင် ရည်ရွယ်လုပ်ဆောင်တာ သိသာထင်ရှားပါတယ်။ ဖြစ်သင့်တာက ကိုယ်စားလှယ်လောင်းတွေကို သူတို့ရဲ့ယဉ်ကျေးမှုနောက်ခံ ဒါမှမဟုတ် ဘာသာရေးယုံကြည်မှုအပေါ်မှာ အခြေခံစဉ်းစားမယ့်အစား သူတို့ရဲ့လုပ်ရည်ကိုင်ရည်နဲ့ နိုင်ငံရေးလမ်းကြောင်းအပေါ်မှာ အခြေခံစဉ်းစားဖို့ ဦးတည်သင့်ပါတယ်။ mVoter 2020 အက်ပလီကေးရှင်းက မဲဆန္ဒရှင်တွေ အလွန်လိုအပ်နေတဲ့၊ မှန်ကန်တိကျတဲ့ သတင်းအချက်အလက်တွေကို လက်လှမ်းမီရရှိအောင် လုပ်ပေးရမယ့်အစား ရွေးကောက်ပွဲကာလအတွင်း လူမျိုးရေး၊ ဘာသာရေးအခြေခံတဲ့ အမျိုးသားရေးဝါဒကိုလှုံ့ဆော်မယ့် အန္တရာယ်ရှိစေပါတယ်။ ကိုယ်စားလှယ်လောင်းတွေရဲ့ လူမျိုး၊ ဘာသာ အချက်အလက်တွေကိုထုတ်ပြန်တာဟာ မြန်မာနိုင်ငံမှာဖြစ်စေ အလူူရှင်နိုင်ငံတွေမှာဖြစ်စေ မဲဆန္ဒရှင်တွေအတွက် လက်ခံနိုင်စရာမရှိပါဘူး*” ဟု ပြောကြားခဲ့သည်။

**JUSTICE FOR MYANMAR**

ရိုဟင်ဂျာမဲဆန္ဒရှင်များ၏ မဲပေးပိုင်ခွင့်ငြင်းပယ်ခံရမှုနှင့်ပတ်သတ်၍ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် Tom Andrews က ပြောကြားရာတွင် *"လူမျိုး၊ မျိုးနွယ်စု သို့မဟုတ် ကိုးကွယ်ရာဘာသာကို အကြောင်းပြု၍ မဲပေးပိုင်ခွင့်ကို ငြင်းဆိုခံရပြီဆိုပါက ယင်းရွေးကောက်ပွဲ၏ ရလာဒ်များသည် ပြည်သူလူထု၏ ဆန္ဒအမှန်ကို တိတိကျကျထင်ဟပ်နိုင်ခြင်း ရှိနိုင်မည်မဟုတ်ပါ"* ဟု ရေးသားဖော်ပြခဲ့သည်။

ဆက်လက်၍ မရတနာမောင်က *"မြန်မာ့ရွေးကောက်ပွဲကို ပံ့ပိုးကူညီနေတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ အလှူရှင်တွေရဲ့ အခန်းကဏ္ဍက ရွေးကောက်ပွဲကို နိုင်ငံတကာလူ့အခွင့်အရေးစံချိန်စံညွှန်းများ၊ ဒီမိုကရေစီစံနှုန်းများနဲ့အညီ ကျင်းပနိုင်ဖို့ပဲ ဖြစ်ရပါမယ်။ ဆိုလိုတာကတော့ ကုလသမဂ္ဂအထူးကိုယ်စားလှယ် Tom Andrews ပြောခဲ့တဲ့ အရေးကြီး စိုးရိမ်ပူပန်မှုတွေကို အလေးထားပြီး ရွေးကောက်ပွဲ ကော်မရှင်ရဲ့ လူနည်းစုကိုယ်စားလှယ်လောင်းတွေနဲ့ မဲဆန္ဒရှင်တွေဖယ်ကျဉ်ခံရမှုကို မေးခွန်းထုတ်ရမှာ ဖြစ်ပါတယ်။ အဲန်အယ်ဒီဦးဆောင်အစိုးရနဲ့ စစ်တပ်ရဲ့ အကျိုးစီးပွားကို ကာကွယ်ဖို့အတွက် ရွေးကောက်ပွဲကော်မရှင်က လုပ်ဆောင်နေတဲ့ ရွေးကောက်ပွဲဆိုင်ရာ ရုပ်မြင်သံကြားထုတ်လွှင့်မှုတွေမှာ ဆင်ဆာဖြတ်တောက်မှုတွေကို ကန့်ကွက်ဖို့ လိုပါတယ်။ ဒီဆင်ဆာဖြတ်တောက်မှုဟာ ရွေးကောက်ပွဲအတွက် အလွန်အရေးပါတဲ့ ဒီမိုကရေစီနည်းကျနိုင်ငံရေး ဆွေးနွေးငြင်းခုန်မှုကို ထိခိုက်စေပါတယ်။ ဆိုလိုတာက လူမျိုးရေးခွဲခြားမှုနဲ့ အစ္စလမ်ကြောက်ရောဂါတွေကို တန်ပြန်ဆန့်ကျင်ဖို့ဖြစ်တယ်၊ ဒါတွေကို ပိုဆိုးအောင် အရှိန်မြှင့် ပေးဖို့ မဟုတ်ပါဘူး။ mVoter 2020 မှာ ပါဝင်ကြတဲ့ EU, IDEA, Asia Foundation နဲ့ အခြားအဖွဲ့အစည်းတွေအနေနဲ့ အက်ပလီကေးရှင်းကနေ လူမျိုး၊ ဘာသာ အချက်အလက်တွေကို ချက်ချင်းဖယ်ရှားဖို့ အရေးယူ ဆောင်ရွက်မှုတွေ လုပ်ဆောင်ဖို့နဲ့ မြန်မာ့ရွေးကောက်ပွဲကို ဒီမိုကရေစီရဲ့ အမြင့်ဆုံးစံနှုန်းတွေ၊ လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာအခြေခံမှုတွေနဲ့အညီ ပံ့ပိုးကြဖို့ ကျွန်ုပ်တို့အနေနဲ့ တောင်းဆိုပါတယ်"* ဟု ပြောကြားခဲ့သည်။

**အယ်ဒီတာများသို့မှတ်ချက်**

Justice For Myanmar သည် မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိစေရေး အတွက် စည်းရုံးလှုံ့ဆော်နေသည့် အမည်မဖော်လိုသော တက်ကြွလှုပ်ရှားသူ တစ်စုဖြစ်ပြီး ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရှေ့ရှုလျက် စစ်တပ် စီးပွားရေးလုပ်ငန်းများအားလုံး ရပ်ဆိုင်းရန် တောင်းဆိုလျက်ရှိ သည်။

mVoter 2020 မိုဘိုင်းအက်ပလီကေးရှင်းတွင် ကိုယ်စားလှယ်လောင်း ဒိုစ်မူဟာမတ် (ခ) အေးဝင်း၏ အချက်အလက် ဖြည့်သွင်းချက်ကို မျက်နှာပြင်မှတ်တမ်းပုံ ရိုက်ယူထားမှု ဖြစ်ပါသည်။ ယင်းဖြည့်သွင်းချက်တွင် ၎င်းနှင့် မိခင်၊ ဖခင်တို့ကို “ဘင်္ဂါလီ-ဗမာ” အဖြစ် ဖော်ပြထားသည်။




**ထပ်မံသိရှိလိုပါက**

ရတနာမောင်
အီးမေးလ် - media@justiceformyanmar.org
ဝဘ်ဆိုဒ် - https://www.justiceformyanmar.org/
ပုံတူဝဘ်ဆိုဒ် - https://justiceformyanmar.github.io/justiceformyanmar.org/
တွစ်တာ - @justicemyanmar
ဖေ့ဘုတ် - https://www.facebook.com/justiceformyanmar.org/